HITACHI
Inspire the Next

# News Release

**FOR IMMEDIATE RELEASE**


**Contacts:**

Myanmar: Nyein Nyein Aye
Information Matrix Co., Ltd.
+95 9 43039616
nyeinnyeinaye@informationmatrix.com

Singapore: Yeap Wei Ting
Hitachi Asia Ltd.
+65 6231 2277
wtyeap@has.hitachi.com.sg


## Hitachi Young Leaders Initiative (HYLI) မှ အာဆီယံသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် စက္ကူဖြူစာတမ်းထုတ်ပြန်ခြင်း

**မနီလာ၊ ဖိလစ်ပိုင်၊** အောက်တိုဘာ ၁၅၊ ၂၀၁၅ -- Hitachi Asia Ltd. မှ ၎င်း၏ လူမှုအသိုက်အဝန်းဆက်ဆံရေး ပရိုဂရမ်ဖြစ်သော Hitachi Young Leaders Initiative (HYLI) သည် အာဆီယံဒေသအတွင်း ပိုမိုကောင်းမွန်သော သယ်ယူပို့ဆောင်ရေးစနစ် ပေါ်ပေါက်လာစေမည့် စိတ်ကူးနှင့်အကြံဉာဏ်များ ပါဝင်သော စက္ကူဖြူစာတမ်းကို ထုတ်ပြန်ခဲ့ကြောင်း ကြေငြာခဲ့သည်။ ထိုစက္ကူဖြူစာတမ်းသည် ဖိလစ်ပိုင်နိုင်ငံ၊ မကာတီမြို့တွင် ကျင်းပခဲ့သော (၁၃) ကြိမ်မြောက် HYLI မကျင်းပမီနှင့် ကျင်းပနေစဉ် ဆောင်ရွက်ခဲ့သော အစီအစဉ်နှင့်လှုပ်ရှားမှုများအပေါ် အခြေခံထားခြင်းဖြစ်သည်။

(၁၃) ကြိမ်မြောက် HYLI တွင် ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန် နိုင်ငံပေါင်း (၈) နိုင်ငံမှ ကျောင်းသား (၃၁)ဦး ပါဝင်ခဲ့သည်။ အဆိုပါကျောင်းသားများသည် အာဆီယံနိုင်ငံများ၏ အများပြည်သူသုံး သယ် ယူပို့ဆောင်ရေးအတွက် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေရန် ဦးတည်ချက်ထားသော "အများသုံး သယ်ယူပို့ ဆောင်ရေးစနစ်များ ဒီဇိုင်းဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင် ထည့်သွင်းစဉ်းစားရမည့် လူမှုနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများအပေါ် ASEAN ၏ သဘောထားများ" ခေါင်းစဉ်တွင် အခြေခံထားသည့် အကြောင်း အရာများကို ကဏ္ဍပေါင်းစုံမှ ကျွမ်းကျင်သူများနှင့်အတူ ဆွေးနွေးခဲ့သည်။

အခမ်းအနား (၄) ရက်အတွင်း ကျောင်းသားများသည် အာဆီယံနိုင်ငံများ ရင်ဆိုင်နေရသော သယ်ယူပို့ဆောင်ရေး ပြဿနာ နှင့် ၎င်းကို ဖြေရှင်းပေးရန်ကူညီပေးနိုင်မည့် ဖြစ်နိုင်ခြေရှိသော နည်းလမ်းများနှင့်ပတ်သတ်၍ ထိပ်တန်းပညာ ရှင်များ၏ အတွေးအမြင်နှင့်ယူဆချက်များကို နားထောင်ခွင့်ရခဲ့ကြသည်။ ထို့အပြင် ကျောင်းသားများသည် မက်ထရို မနီလာ၏ လူအစည်ကားဆုံးအရပ်ဖြစ်သော Taguig မြို့၏ မြို့ပြအသိုင်းအဝိုင်းတွင်လည်း လေ့လာခွင့်ရခဲ့ပါသည်။

အခမ်းအနား၏ အရေးပါသော ကဏ္ဍတစ်ခုမှာ ကျောင်းသားများမှ ပြုလုပ်သော ရှင်းလင်းပြသမှုဖြစ်ပြီး ၎င်းတို့၏ လက်တွေ့ အတွေ့အကြုံများ၊ ဟောပြောသူများထံမှ လေ့လာချက်များကို ပြသကြခြင်းဖြစ်သည်။ လေ့လာမှုအသစ် များ ကို ၎င်းတို့၏ သက်ဆိုင်ရာနိုင်ငံအသီးသီးမှ အတွေ့အကြုံများအတွက် စမ်းသပ်မှုများနှင့် ပေါင်းစည်းခြင်းအားဖြင့် ၎င်း တို့၏ နည်းလမ်းများကို စီးပွားရေးလုပ်ငန်းရှင်များအတွက် အံဝင်ခွင်ကျဖြစ်အောင် လမ်းကြောင်းပေးပြီး ရှင်းလင်း ပြသမှု များသည် အကောင်းဆုံး အများပြည်သူသုံး ပို့ဆောင်ရေးစနစ်ကို ရှာဖွေနိုင်မည်ဖြစ်ပါသည်။

ကျောင်းသားများ၏ ရှင်းလင်းပြသမှုကို အဖွဲ့၄ခု ခွဲခြားထားသည်။ ပထမအဖွဲ့ ၂ခုသည် "လူထုဗဟိုပြုနှင့် သဘာဝပတ် ဝန်းကျင်နှင့် ကိုက်ညီစေမည့် ပို့ဆောင်ရေးစနစ်များအတွက် အခြေခံအဆောက်အအုံဆိုင်ရာ ရွေးချယ်စရာ နည်းလမ်း များကို လေ့လာခြင်း" ခေါင်းစဉ်ခွဲကို အခြေခံ၍ စဉ်းစားကြရသည်။ အနှစ်ချုပ်အားဖြင့် အဖွဲ့၂ခုလုံးသည် အများပြည်သူ

သုံး သယ်ယူပို့ဆောင်ရေးစနစ်ကို မြှင့်တင်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များ၏ ကျေနပ်သဘောကျမှုသည် အရေးပါကြောင်း သဘောတူခဲ့ကြသည်။ အများပြည်သူနှင့်ဆိုင်သောအခြေခံ အဆောက်အအုံစနစ်များ မပြည့်စုံခြင်းသည် ပြည်သူလူထုအား မိမိတို့၏ ကိုယ်ပိုင်ယာဉ်များကို အသုံးပြုရန် တွန်းအားပေးလျက်ရှိသည်။ အများပြည်သူသုံး ပို့ဆောင်ရေးဆိုင်ရာ အခွင့်အရေးများအသုံးပြုရေးကို လက်ခံလာစေရန်အတွက် ကျောင်းသားများသည် သယ်ယူပို့ဆောင်ရေး ဗဟိုချက်များ၊ ယာဉ်များအတွက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ အရင်းအမြစ်များ နှင့် IT နည်းလမ်းများကို အဆိုပြုကြသည်။

"မျှဝေခြင်းဆိုင်ရာ အလေ့အထကို ပုံဖော်ခြင်း - သယ်ယူပို့ဆောင်ခြင်းအတွက် လိုအပ်သော နေ့စဉ်နေထိုင်မှု အပြောင်းအလဲများ" ခေါင်းစဉ်ခွဲအောက်တွင် ကျောင်းသားအဖွဲ့ ၃နှင့်၄ တို့သည် မပြည့်စုံသော အခြေခံအဆောက်အအုံများ၊ အစိုးရနှင့် ပုဂ္ဂလိကတို့၏ ပူးပေါင်းဆောင်ရွက်မှု ကင်းမဲ့ခြင်း၊ သင့်လျော်သော သတင်းအချက်အလက် မရရှိခြင်းနှင့် ယာဉ်ကျော ပြည့်ကြပ်နေခြင်းတို့ကို မျှဝေခြင်းဆိုင်ရာ အလေ့အထကို လူ့အဖွဲ့အစည်းမှ လက်ခံရန်လိုအပ်သော အဓိက အချက်အလက်များအဖြစ် ထောက်ပြခဲ့ကြသည်။ ကျောင်းသားများ၏ ရှင်းလင်းပြသခြင်းမှ ဖြေရှင်းနည်း ၃ချက် ပေါ်ထွက်လာပြီး ၎င်းတို့မှာ အစိုးရမှ ပုဂ္ဂလိကကုမ္ပဏီများသို့ မျှဝေစီးနင်းခြင်းအတွက် ခံစားခွင့်များပေးအပ်ခြင်း၊ လူထုအား မှန်ကန်သည့်အချက်အလက်များပေးရန် မိုဘိုင်းလ် app နှင့် ကြီးမားသော data analytics များ စီမံပေးခြင်း၊ သယ်ယူပို့ဆောင်ရေးကို လျှော့ချပြီး လမ်းများကို မပြည့်ကြပ်စေရန် အင်တာနက်အသုံးပြု၍ အချက်အလက်များ ပေးပို့ခြင်းတို့ ဖြစ်သည်။

"၁၃ ကြိမ်မြောက် HYLI ဟာ ကျောင်းသားတွေ၊ ကျွမ်းကျင်သူတွေ၊ ခေါင်းဆောင်တွေနဲ့ ဒေသတွင်းလူ့အဖွဲ့အစည်းတွေကြားမှာ အာဆီယံဒေသရဲ့ရွေ့လျားနိုင်မှုနဲ့ပတ်သက်တဲ့ စိန်ခေါ်မှုတွေအတွက် ဆက်တိုက်ဆွေးနွေးမှုတွေကို တက်တက်ကြွကြွ အစပျိုးပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီစက္ကူဖြူစာတမ်းဟာ အများပြည်သူသုံး သယ်ယူပို့ဆောင်ရေး ကိစ္စတွေနဲ့ ပတ်သက်နေသူတို့ရဲ့စကားသံတွေကို စုစည်းထားပြီး ကွဲပြားခြားနားမှုတစ်ခု ဖြစ်လာမယ်လို့ မျှော်လင့်ပါတယ်။ ဒါ့အပြင် ကျွန်ုပ်တို့အနေနဲ့ အတွေးအမြင်တူညီသူများကိုလည်း မျှဝေလိုပါတယ်" ဟု Asia Pacific, Hitachi, Ltd. ၏ Chief Executive နှင့် Hitachi Asia Ltd. ၏ Chairman ဖြစ်သူ Mr. Ichiro Lino က ပြောကြားခဲ့ပါသည်။

စက္ကူဖြူစာတမ်းကို http://www.hitachi.com.sg/about/hitachi/activities/hyli/library.html တွင် download ရယူနိုင်ပါသည်။
http://www.hitachi.com.sg/about/hitachi/activities/hyli/index.html. တွင် (၁၃) ကြိမ်မြောက် HYLI အကြောင်းကို ကြည့်ရှုနိုင်ပါသည်။

###

**Hitachi လူငယ်ခေါင်းဆောင်များ လေ့ကျင့်လှုပ်ရှားမှု (HYLI) ၏ အကြောင်း**

HYLI သည် လူမှုပတ်ဝန်းကျင် ပြောင်းလဲရေးဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်ပြီး အာရှမှ လူငယ်ခေါင်းဆောင်များကို ရှာဖွေလေ့ကျင့်ပေး၍ အစိုးရခေါင်းဆောင်များ၊ အောင်မြင်သော စီးပွားရေးသမားများ၊ သက်ဆိုင်ရာပညာရှင်များ၊ NGO များနှင့် တွေ့ဆုံ၍ ဒေသတွင်းစိန်ခေါ်မှု ပြဿနာများကို ဆွေးနွေးအဖြေရှာခွင့်ရရန် ဦးတည်၍ တည်ထောင်ထားခြင်းဖြစ်ပါသည်။ စင်္ကာပူနိုင်ငံတွင် ၁၉၉၆ခုနှစ်၌ စတင်ကျင်းပခဲ့ကတည်းက HYLI သည် အာရှဒေသ၏ အတော်ဆုံး၊ အထက်မြက်ဆုံး ကျောင်းသားများကို နှစ်စဉ်ရှာဖွေခေါ်ယူနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံမှလည်း ၂၀၁၅ခုနှစ်မှစ၍ လက်ရှိပါဝင်နေသော တိုင်းပြည်များဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်း၊ ဗီယက်နမ်နှင့် ဂျပန်နိုင်ငံတို့နှင့်အတူ

လူငယ်ခေါင်းဆောင်များ စေလွှတ်ပါမည်။ ဤလေ့ကျင့်လှုပ်ရှားမှုသည် လူငယ်ခေါင်းဆောင်များအား ဒေသတွင်းနှင့် တစ်ကမ္ဘာလုံးတွင် ကြုံတွေ့နေရသော ပြဿနာများအပေါ် အမြင်ကျယ်စေ၍ အရှေ့တိုင်း ယဉ်ကျေးမှု တန်ဖိုးများကို ပိုမို တန်ဖိုးထားတတ်စေရန်နှင့် ယဉ်ကျေးမှုရိုးရာကွဲပြားသူများကြား ပိုမိုရင်းနှီးနားလည်မှုရရှိစေရန် ဦးတည်၍ ကျင်းပပါ သည်။ http://www.hitachi.com.sg/about/hitachi/activities/hyli/index.html. တွင် အသေးစိတ် အချက် အလက်များကို ကြည့်ရှုနိုင်ပါသည်။

**Hitachi Asia Ltd. ၏ အကြောင်း**

Hitachi Asia Ltd. သည် Hitachi Ltd. မှ ပိုင်ဆိုင်သော လက်အောက်ခံ ကုမ္ပဏီတစ်ခုဖြစ်ပြီး စင်္ကာပူနိုင်ငံတွင် ၁၉၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပါသည်။ ရုံးခွဲများကို အာရှတိုက်၏ တိုင်းပြည် ၇ ခု (အင်ဒိုနီးရှား၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ်) တွင် တည်ထောင်ထားပါသည်။ Hitachi ၏ လုပ်ငန်းများကို လူမှုတိုးတက်ရေး တီထွင် ဆန်းသစ်မှု ဦးတည်ချက်ဖြင့် ဖော်ဆောင်နေပြီး အာရှဒေသတွင်းတွင် Hitachi Asia ၏ လုပ်ငန်းများမှာ ဆက် သွယ်ရေးနှင့် သတင်းအချက်အလက်စနစ်များ၊ လျှပ်စစ်စွမ်းအားနှင့် စက်မှုလုပ်ငန်းများ၊ R&D ၊ အပြည်ပြည်ဆိုင်ရာ ဝယ်ယူရေး (International Procurement) နှင့် Center of Excellence တို့ ပါဝင်ပါသည်။ Hitachi Asia နှင့် ပတ်သတ် သည့် အချက်အလက်များကို ပိုမိုသိရှိလိုပါက ကုမ္ပဏီ၏ website http://www.hitachi.com.sg တွင် လေ့လာနိုင် ပါသည်။

###